## ၇-၃ (က) ဆရီ ဝိဂျာယန် အင်ပါယာ (အေဒီ ၇- ၁၃ ရာစု)

အင်ဒိုနီးရှား ဆုမတ်တြာကျွန်းပေါ်ရှိ ဖလင်ဘန်းမှ ဗဟိုပြုသော ရေပိုင် အင်ပါယာ ဆရီဝိဂျယ သည် စိုင်လင်ဒရာ ဟု ခေါ်သော မင်းဆက်အောက်၌ မဟာယနနှင့် ဟိနယန ဗုဒ္ဓဘာသာကို မွေးစားခဲ့ပေသည်။ ဖလင်ဘန်း သည် ကြီးမားသော ဗုဒ္ဓဘာသာဌာန တစ်ခုဖြစ်ခဲ့၍ ထိုဒေသတွင် အင်ပါယာပြည့်ရှင်က ရဟန်းပေါင်း တစ် ထောင်ကို သူ့နန်းတွင်း၌ ပင့်ဖိတ်ထောက်ပံ့ထားခဲ့သည် ဟု ယိဂျင်က ဖေါ်ပြထားပေသည်။ **အတက်ရှား**သည် တိဘက်သို့ သာသနာပြုအဖြစ် မသွားမီ ထိုဒေသ (ဖလင်းဘန်း) တွင် ပညာဆည်းပူးခဲ့ပေသည်။

ဆရီ ဝိဂျယမှ ဗုဒ္ဓအနုပညာများသည် ၎င်း၏ အင်ပါယာတိုးချဲ့မှုအတွင်း အရှေ့တောင်အာရှသို့ ပြန့်နှံ့ခဲ့ပေသည်။ ဤကာလအတွင်းမှာ အလွန်တရာ သပ်ယပ်သေရှာ လက်ရာမြောက်မှုကို ပုံဆောင်သည့် မြောက်များစွာသော ဗောဓိသတ္တ ဆင်းတုများအား ဒေသတွင်း တလျှောက်တွေ့ရပေသည်။ အလွန်တရာ လက်ရာမြောက်သော ဗိသုကာများကို ဗိုးရိုးဗုဓော (အေဒီ ၇၈၀ ခန့်တွင် တည်ဆောက်ခဲ့၍၊ ကမ္ဘာပေါ်တွင် အကြီးဆုံးသော ဗုဒ္ဓဆင်းတု) သာသနိက အဆောက်အအုံ၌ မျက်ဝါးထင်ထင် တွေ့မြင်ရဆဲ ဖြစ်ပေသည်။ ၎င်းသည် ဂျာဗား၌ရှိ၍ ထိုင်နေ သောပုံ ဗုဒ္ဓဆင်းတုတော် ၅၀၅ ဆူပါဝင်ပေသည်။ အေဒီ ၁၃ ရာစုမှ စ၍ အစ္စလာမ်များ၏ ပြန့်နှံ့မှုကြောင့် အာဏာ မတည်အငြိမ် မဖြစ်မီ၊ ဆရီဝိဂျယသည် အိန္ဒိယမင်းများဖြစ်သည့် **ကျူလာ** များနှင့် ပဋိပက္ခဖြစ်ခြင်းကို ရှောင်ကြဉ်ခဲ့ပေသည်။



မလက်ကာမှ ဆရီဝိဂျာယန် ဟန်ဖြင့် အဝလောကိတဝါရ ကျက်သရေဆောင် ရွှေဆင်းတု၊ ဂျန်ဘီ- အင်ဒိုနီးရှား

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com